**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အကောက်ခွန်မှူးရာထူးနှင့် အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူးများအတွက် ရေးဖြေဖြေဆိုရမည့် နေ့ရက်နှင့် အချိန်တို့အား ထုတ်ပြန်ခြင်း**

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူးရာထူးနှင့် အလုပ်သင်ဒုတိယအကောက်ခွန်မှူးရာထူးများအတွက် လျှောက်လွှာများခေါ်ယူခဲ့ပြီးဖြစ်ရာ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူ အကောက်ခွန်မှူး(၁၈)ဦး နှင့် အလုပ်သင် ဒုတိယအကောက်ခွန်မှူး(၃၆၈)ဦးတို့၏ လျှောက်လွှာအမှတ်စဉ်များအား ၁၀-၁၁-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့၌ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ဖြေဆိုခွင့်ရရှိသူများသည် ရေးဖြေစာမေးပွဲများအား ရန်ကုန်မြို့၊ အနော်ရထာလမ်းရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း (ဗိုလ်တထောင်မြို့နယ်)၌ အောက်ပါအချိန်ဇယားအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး လာရောက်ဖြေဆိုချိန်တွင် ဌာနမှထုတ်ပေးထားသော လျှောက်လွှာအမှတ်စဉ်လက်ခံစာရွက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ယူဆောင်လာရမည်ဖြစ်သည်-

| **စဉ်** | **ဘာသာရပ်** | **နေ့ရက်/ အချိန်** |
|---|---|---|
| (က) | အင်္ဂလိပ်စာ | ၂၉-၁၁-၂၀၂၅ (၀၉:၀၀ နာရီ မှ ၁၁:၀၀ နာရီ ထိ) |
| ( ခ ) | အထွေထွေဗဟုသုတ | ၂၉-၁၁-၂၀၂၅ (၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီ ထိ) |

၃။ ရေးဖြေအောင်မြင်သူများစာရင်းကို အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ ကွန်ပျူတာစစ်ဆေးခြင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း/Viber-၀၉၆၇၈၉၀၈၃၀၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**